## Message Four
## အရာအားလုံးပါဝင်သော ခရစ်တော် ဖြစ်သော ကောင်းသောမြေ - ချိုင့်များ၌၊ တောင်များ၌ စီးထွက်သော ချောင်းရေများ၊ စမ်းရေပေါက်များ၊ စမ်းရေတွင်းများ၏ မြေ

ဖတ်ရန်ကျမ်း။ ။ တရား၈း၇။ ၁၁း၁၁-၁၂။ ယော၂း၁၃။ ၁၇း၇-၈။ ဟေရှာ၁၂း၃-၆။ ယော၄း၁၄ခ

**I. ဂလာတိ ၃း၁၄ တွင် "အကြောင်းမူကား၊ အာဗြဟံ ခံရသော ကောင်းချီးမင်္ဂလာသည် ယေရှုခရစ်အားဖြင့် တစ်ပါးအမျိုးသားတို့ထံ သက်ရောက်သည်ဖြစ်၍၊ ငါတို့သည် ကတိတော်နှင့်ယှဉ်သော ဝိညာဉ်တော်ကို ယုံကြည်ခြင်းအားဖြင့် ခံရကြမည်အကြောင်းတည်း"ဟု ပြောထားသည်။**

A. ဘုရားသခင်က အာဗြဟံအား ပေးခဲ့သည့် ကောင်းချီးမင်္ဂလာ၏ ရုပ်ပိုင်းဆိုင်ရာသွင်ပြင်မှာ ကောင်းသောမြေဖြစ်ပြီး (က၊ ၁၂း၇။ ၁၃း၁၅။ ၁၇း၈။ ၂၆း၃-၄)၊ ယင်းမှာ အရာအားလုံးပါဝင်သောခရစ်တော်၏ပုံဆောင်ချက်ဖြစ်သည် (ကော၊၁း၁၂)။ ခရစ်တော်သည် နောက်ဆုံးတွင် အရာအားလုံးပါဝင်သော အသက်ပေးသော ဝိညာဉ်တော်အဖြစ် သိနားလည်ရသောကြောင့် (၁ကော၊ ၁၅း၄၅။ ၂ကော၊၃း၁၇)၊ ကတိပေးထားသော ဝိညာဉ်တော်၏ ကောင်းချီးမင်္ဂလာသည် အာဗြဟံထံသို့ ကတိပေးထားသော မြေ၏ကောင်းချီးမင်္ဂလာနှင့်အတူ လိုက်လျောညီထွေမှု ရှိသည်။

B. အမှန်တကယ်တွင် ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ခရစ်တော်ကို သိနားလည်ရခြင်းအဖြစ် ထိုဝိညာဉ်တော်သည် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ရန် ဘုရားသခင်၏ ပေါများကြွယ်ဝသော မစရာ၏ အရင်းအမြစ်အဖြစ် ကောင်းသောမြေ ဖြစ်သည်။ ဤသည်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ မစခြင်းအဖြစ် "ယေရှုခရစ်၏ဝိညာဉ်တော် ပေါများကြွယ်ဝစွာမစခြင်း"ဖြစ်သည် - ဖိ၊၁း၁၉။

**II. အရာအားလုံးပါဝင်သော ဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်သည် "ချိုင့်များ၌၊ တောင်များ၌ စီးထွက်သော ချောင်းရေ၊ စမ်းရေပေါက်၊ စမ်းရေတွင်းများနှင့် ပြည့်စုံသောပြည်" ဖြစ်သည် - တရား၈း၇။ ၁၁း၁၁-၁၂။**

A. ချောင်းရေများ၊ စမ်းရေပေါက်များနှင့် စမ်းရေတွင်းများမှာ စီးဆင်းနေသော ဝိညာဉ်တော်အဖြစ် ခရစ်တော်ကို ရည်ညွှန်းပြီး (ယော၄း၁၀၊ ၁၄။ ၇း၃၇-၃၉။ ဗျာ၂၂း၁)၊ ချိုင့်များနှင့် တောင်များသည် ကျွန်ုပ်တို့က ခရစ်တော်ကို စီးဆင်းနေသော ဝိညာဉ်တော်အဖြစ် တွေ့ကြုံခံစားနိုင်မည့် မတူ ညီသော ပတ်ဝန်းကျင်အမျိုးမျိုးကို ရည်ညွှန်းသည်။

B. သမ္မာကျမ်းစာ တစ်လျှောက်လုံးတွင် သုံးပါးတစ်ပါးဘုရားကို ရေအဖြစ် ဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် လမ်းကြောင်း ရှိနေသည် - က၊၂း၁၀-၁၄။ ထွ၊၁၇း၅-၆။ ဆာ၊၃၆း၈-၉။ ၄၆း၄။ ယော၊ ၄း၁၀၊ ၁၄။ ၇း၃၇-၃၉။ ၁ကော၊၁၀း၄။ ဗျာ၊၇း၁၇။ ၂၂း၁။

1. ကမ္ဘာဦး ၂း၁၀ ရှိ မြစ်သည် အသက်ရေ၏မြစ်ကို ပုံဆောင်ပြီး၊ ဘေးတွင် အသက်ပင် ပေါက်ရောက်ကြီးထွားလျက်ရှိသည်။ ဤမြစ်သည် လူ၏ဆာငတ်မှုကို ပြေပျောက်စေသည်။

2. ဆာလံ ၃၆း၈-၉ တွင် စမ်းရေတွင်းသည် အသက်၏အရင်းအမြစ်အဖြစ် ခမည်းတော်ကို ရည်ညွှန်းပြီး၊ မြစ်သည် အသက်ရေ၏မြစ်အဖြစ် ဝိညာဉ်တော်ကို ရည်ညွှန်းသည် - ယော၊ ၁း၄။ ၇း၃၇-၃၉။
3. ဆာလံ ၄၆း၄ ရှိ မြစ်မှာ သုံးပါးတစ်ပါးဘုရားသည် ခရစ်တော်၌ ဝိညာဉ်တော်မှတဆင့် အသက်အဖြစ် ဘုရား၏လူများ ထံသို့ စီးဆင်းခြင်းကို ပုံဆောင်သည်။
4. အသက်ရေမှာ ဘုရားသခင်သည် ခရစ်တော်၌ ဝိညာဉ်တော်အဖြစ် မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ရွေးနုတ်ခံလူများအထဲသို့ သူတို့၏အသက်နှင့် အသက်မစရာဖြစ်ရန် စီးဆင်းခြင်း၏ အမှတ်သင်္ကေတ ဖြစ်သည်။ ၎င်းကို ရိုက်ခြင်းခံရသောကျောက်မှ စီးထွက်လာသော ရေအားဖြင့် ပုံဆောင်ထားပြီး (ထွ၊၁၇း၆။ စာရင်း၊၂၀း၁၁)၊ ယင်းကို သခင်ယေရှု၏ ထိုးဖောက်ခံရသော နံဘေးတော်မှ စီးထွက်လာသည့် ရေအားဖြင့် ပုံဆောင်ထားသည် (ယော၊၁၉း၃၄)။
5. ဗျာဒိတ် ၂၂း၁ ရှိ အသက်ရေ၏ မြစ်နှင့် ကမ္ဘာဦး ၂း၁၀-၁၄၊ ဆာလံ ၄၆း၄ နှင့် ယေဇ ၄၇း၅-၉ တို့ရှိ မြစ်များမှာ အသက်၏ စီးဆင်းခြင်း၌ ပေါများကြွယ်ဝခြင်းကို ပုံဆောင်သည်။ ယောဟန် ၇း၃၈ တွင် ညွှန်ပြထားသည့်အတိုင်း ဤမြစ်တစ်မြစ်နှင့်အတူ ၎င်း၏ကြွယ်ဝခြင်းများသည် ဘုရားသခင့် အသက်၏ဝိညာဉ်တော် ကြွယ်ဝခြင်းများ၏ မတူညီသော သွင်ပြင်များကို ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်း၌ များစွာသော မြစ်များ ဖြစ်လာသည် - ရော၊ ၈း၂။ ၁၅း၃၀။ ၁သက်၊၁း၆။ ၂သက်၊၂း၁၃။ ဂလ၊၅း၂၂-၂၃။

## III. "ချိုင့်များ၌၊ တောင်များ၌ စီးဆင်းနေသော" (တရား၊၈း၇ခ) ရေမှာ ခရစ်တော်သည် အသက်ရှင်သောရေအဖြစ် မတူညီသော ပတ်ဝန်းကျင်များ၌ စီးဆင်းနေခြင်းကို ရည်ညွှန်းသည် (ညွှန်း၊ ၁ဘုရင်၊ ၂၀း၂၃၊ ၂၈)။

A. ချိုင့်များမှာ ကားတိုင်ကို တွေ့ကြုံခံစားခြင်းများ၊ ခရစ်တော်၏ အသေခံခြင်းကို တွေ့ကြုံခံစားခြင်းများဖြစ်ပြီး၊ တောင်များသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို တွေ့ကြုံခံစားခြင်းများ ဖြစ်သည် - ၂ကော၊၁း၉။ ၄း၁၁၊ ၁၄။
B. မြေကြီးတန်ဆာများဖြစ်သည့် ကျွန်ုပ်တို့၌ရှိသော ဖိုးထိုက်ဘဏ္ဍာအဖြစ် ကိန်းဝပ်နေသော ခရစ်တော်သည် ခရစ်ယာန်အသက် တာအတွက် မစမှု၏ ဘုရားဆိုင်ရာအရင်းအမြစ်ဖြစ်ကာ၊ ကျွန်ုပ်တို့အဖို့ ရှင်ပြန်ထမြောက်ခြင်းအသက်ကို ထင်ရှားပေါ်ထွန်းစေခြင်းအတွက် ကားတိုင်ပေါ် အသေခံသော အသက်တာကို အသက်ရှင်ခြင်းအဖို့ သာလွန်ထူးကဲသော တန်ခိုး ဖြစ်သည် - အငယ်၊၇။ ဖိ၊၄း၁၃။

1. ပေါလုက သူနှင့် သူ၏လုပ်ဖော်ဆောင်ဖက်များသည် "အသက်မလွတ်နိုင်ဟု ထင်ရ၍၊ ငါတို့၏ ခွန်အားဖြင့် မခံနိုင်အောင် အတိုင်းထက်အလွန် လေးသောဝန်ကို ခံခဲ့ရကြောင်း ...၊ ငါတို့သည် မိမိကိုယ်ကို အစဉ်မကိုးစားဘဲ၊ သေသောသူတို့ကို ထမြောက်စေတော်မူသော ဘုရား

သခင်ကို ကိုးစားမည်အကြောင်း သေစေ ဟူသော အဖြေကို ကိုယ်တိုင်ခံရသကဲ့သို့ ဖြစ်၏" ဟု ပြောထားသည် - ၂ကော၊၁း၈-၉။

2. အမှန်မှာ ရှင်ပြန်ထမြောက်ခြင်းသည် ထင်ရှားပေါ်ထွန်းခြင်း ရှိရန်အလို့ငှာ သေခြင်း၊ အားလျော့ခြင်း၊ စိတ်ပျက်ခြင်းကို လိုအပ်သည် (အငယ်၊၄။ ၇း၅-၆)။ ကားတိုင်၏လုပ်ဆောင်ချက်က ကျွန်ုပ်တို့၏အတ္တကို အဆုံးသတ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်နိုင်ကြပေသည်။

C. ပေါလုသည် ကားတိုင်၏သေစေခြင်းအောက်၌ ရှင်ပြန်ထမြောက်ခြင်းအသက်ကို အသက်ရှင်ကာ သူ၏အမှုတော်ကို သယ်ဆောင်ခဲ့သည်။ "ယေရှု၏အသက်သည် ငါတို့ကိုယ်ခန္ဓာ၌ ထင်ရှားစေခြင်းငှာ၊ ယေရှု၏ အသေသတ်ခံခြင်းကို ငါတို့၏ ကိုယ်ခန္ဓာ၌ အစဉ်မပြတ် ဆောင်ထားရကြ၏" - ၄း၁၀။

1. အပေါင်းလက္ခဏာဘက်၌ ယေရှုသည် ကျွန်ုပ်တို့ကို အနာငြိမ်းစေရန်နှင့် ရှင်သန်လာစေရန် အလို့ငှာ ကျွန်ုပ်တို့အတွင်းရှိ အနုတ်လက္ခဏာအရာများအားလုံးကို အမြဲ သေစေသည် - ဖိ၊၁း၁၉။ ညွှန်း၊ ထွ၊၃၀း၂၃-၂၅။

2. ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ လက်ခံရရှိရန် နံနက်ခင်း၌ ကျွန်ုပ်တို့ကိုယ်ကို ငြင်းပယ်ကြသည့်အခါ တစ်နေ့တာလုံးတွင် သေစေခြင်းဖြစ်စဉ်သည် ကျွန်ုပ်တို့အတွင်း၌ ဆက်လက်ဖြစ်ပေါ်နေကြောင်း ကျွန်ုပ်တို့အာရုံခံစားကြရသည် - ညွှန်း၊ သု၊၄း၁၈။

D. "အဘယ်သို့နည်းဟူမူကား၊ ယေရှု၏ အသက်သည် ငါတို့၏ သေတတ်သော အသွေးအသား၌ ထင်ရှားစေခြင်းငှာ၊ ငါတို့သည် အသက်ရှင်စဉ်တွင် ယေရှုကြောင့် သေခြင်းလက်သို့ အစဉ်အပ်နှံခြင်းကို ခံရကြ၏" - ၂ကော၊၄း၁၁။

1. ကားတိုင်၏သေစေခြင်းသည် ရှင်ပြန်ထမြောက်ခြင်းအသက်၏ ထင်ရှားပေါ်ထွန်းခြင်းကို ထွက်ပေါ်လာစေသည်။ ဤနေ့စဉ်သေစေခြင်းသည် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားဆိုင်ရာ အသက်ကို လွတ်မြောက်စေခြင်းအတွက် ဖြစ်သည် - ၁ကော၊၁၅း၃၁။ ၂ကော၊၄း၁၆။

2. တမန်တော်များသည် မြေကြီးပေါ်မှာ သခင်ယေရှုအသက်ရှင်ခဲ့သည့် အသက်တာကဲ့သို့ အသက်တာကို အသက်ရှင်ခဲ့ကြသည်။ သခင်ဘုရား၏အသက်တာသည် ရှင်ပြန်ထမြောက်ခြင်းအသက်ကို ထင်ရှားပေါ်ထွန်းစေခြင်းအတွက် ကားတိုင်၏ သေစေခြင်းအောက်၌ရှိသောအသက်တာ၊ ကိုယ်တော်၏ပုဂ္ဂိုလ်တော်သည် ကိုယ်တော်၏အမှုတော်နှင့် တစ်ခုတည်းဖြစ်၍ ကိုယ်တော်၏အသက်တာသည် ကိုယ်တော်၏အမှုတော်ဖြစ်သော နည်းလမ်း၌ အသက်ရှင်ခဲ့သည့် အသက်တာ ဖြစ်သည် - ယော၊၆း၁၄-၁၅။ ၁၂း၁၃၊ ၁၉၊ ၂၃-၂၄။

E. "သို့ဖြစ်၍ သေခြင်းသည် ငါတို့၌ ပြုပြင်တတ်၏။ သင်တို့၌ကား၊ အသက်ရှင်ခြင်းသည် ပြုပြင်တတ်၏" (၂ကော၊၄း၁၂)။ ကျွန်ုပ်တို့သည် သခင်ဘုရား အသေခံတော်မူခြင်း၏ သေစေခြင်း

အောက်၌ ရှိကြသောအခါ ကိုယ်တော်၏ ရှင်ပြန်ထမြောက်သော အသက်သည် ကျွန်ုပ်တို့မှ တဆင့် အခြားသူများအထဲသို့ ဖြန့်ဖြူးပေးခြင်း ရှိလေသည်။

1. အသင်းတော်သည် ဖြစ်တည်ခြင်းရှိလာရန်နှင့် တိုးပွားခြင်းရှိရန် နည်းလမ်းမှာ လူသားဘုန်း အသရေအားဖြင့် မဟုတ်ပါ။ ၎င်းသည် ဘုရားဆိုင်ရာမီးကို လွတ်မြောက်စေခြင်းအတွက် ကားတိုင်၏ သေစေခြင်းအားဖြင့် ဖြစ်သည် - လု၊၁၂း၄၉-၅၀။ ယော၊၂း၁၉။ ၁၂း၂၄-၂၆။
2. မြေထဲသို့ ကျသော ဂျုံမျိုးစေ့အဖြစ် သခင်ဘုရားသည် အသေခံခြင်းမှတဆင့် သူ၏စိတ် အသက်ကို ဆုံးရှုံးခဲ့ပြီး၊ ထိုသို့ဖြင့် ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်၏ထာဝရအသက်ကို များစွာသောမျိုးစေ့များအဖြစ်သို့ လွတ်မြောက်စေနိုင်မည်ဖြစ်သည်။ များစွာသောမျိုးစေ့ များအဖြစ် ကျွန်ုပ်တို့သည်လည်း မိမိတို့စိတ်အသက်ကို ဆုံးရှုံးခံမှသာ၊ ရှင်ပြန်ထမြောက် ခြင်း၌ ထာဝရအသက်ကို မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်သည်။

## IV. ယေရမိ ၂း၁၃ တွင် "ငါ၏လူတို့သည် ဆိုးညစ်မှုနှစ်ခုကို ပြုကြပြီ။ / သူတို့သည် အသက်စမ်းရေတွင်း တည်းဟူသော / ငါ့ကို စွန့် ပယ်၍၊ / မိမိတို့အဖို့ ရေမလုံသော ရေကျင်းများ၊ / ပဲ့ပျက်သော ရေကျင်းများကို / တူးကြပြီ"ဟု ပြောထားသည်။

A. ဘုရားသခင်၏လူများက ကျူးလွန်ခဲ့သော ဆိုးညစ်မှုများမှာ သူတို့က သူတို့၏စမ်းရေတွင်း၊ သူ တို့၏အရင်းအမြစ်အဖြစ် ဘုရားသခင်ကို စွန့်ပယ်ခြင်းနှင့် ဘုရားသခင်ထက် အခြားသော အရင်းအမြစ်သို့ လှည့်သွားကြခြင်း ဖြစ်သည်။

B. ရေကျင်းများကို တူးခြင်းမှာ အစ္စရေးတို့က ဘုရားသခင်ကို အစားထိုးရန် တစ်စုံတစ်ရာ (ရုပ်တု များ) ကို ပြုလုပ်ရန် သူတို့၏ လူသားဆိုင်ရာအားထုတ်မှု၌ ပင်ပန်းဆင်းရဲခြင်းကို ပုံဖော်ပြသနေ သည်။ ထိုရေကျင်းများသည် ကျိုးပဲ့ကာ ရေမလုံခြင်းက ဘုရားသခင်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့အထဲသို့ အသက်ရှင်သောရေအဖြစ် ဝေငှဖြန့်ဖြူးပေးခြင်းမှလွဲ၍ မည်သည့်အရာ ကမျှ ကျွန်ုပ်တို့၏ဆာငတ်မှုကို မပြေပျောက်စေနိုင်သလို၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏ ထင်ရှား ခြင်းအတွက် ဘုရားသခင်၏ တိုးပွားခြင်း မဖြစ်စေနိုင်ပါ - ယော၊၄း၁၃-၁၄။

C. ဘုရားသခင်၏အမြင်၌ ဆိုးယုတ်သောသူ၊ ဆိုးညစ်သောသူသည် ကိုယ်တော်ကို သောက်သုံးရန် လာရောက်ခြင်းမရှိသောသူပင် ဖြစ်သည် (ဟေရှာ၊၅၅း၇)။ ဆိုးယုတ်သောသူ၏ ဆိုးညစ်သော အနေအထားမှာ သူတို့သည် သခင်ဘုရားကို စားသုံးရန်၊ သောက်သုံးရန်နှင့် မွေ့လျော်ဝမ်း မြောက်ရန် သခင်ဘုရားထံသို့ မလာရောက်ခြင်း ဖြစ်သည်။ သူတို့သည် များစွာသော အရာ များကို လုပ်ဆောင်ကြသည်၊ သို့သော် သခင်ဘုရားကို ဆက်သွယ်ရန်၊ ကိုယ်တော်ကို ယူဆောင် ရန်၊ ကိုယ်တော်ကို လက်ခံရရှိရန်၊ ကိုယ်တော်ကို မြည်းစမ်းရန်၊ ကိုယ်တော်ကို မွေ့လျော်ဝမ်း မြောက်ရန် လာရောက်ခြင်း မရှိကြပေ။ ဘုရားသခင်၏အမြင်၌ ဤအရာထက် ပို၍ ဆိုးညစ် သောအရာ မရှိတော့ပါ (၅၇း၂၀-၂၁။ ညွှန်း၊ ၅၅း၁-၂)။

**V. ကျွန်ုပ်တို့သည် အသက်ရေကို သောက်သုံးရန်နှင့် စီးဆင်းရန်အလို့ငှာ ကယ်တင်ခြင်းစမ်းရေပေါက်များမှ ရေကို ခပ်သောက်ခြင်း အလေ့အကျင့်ကို တည်ဆောက်ရန် လိုအပ်သည် - ၁၂း၃-၆။ ယော၊ ၇း၃၇-၃၉။ သု၊၁၁း၂၅။**

A. ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ သခင်ဘုရားအားဖြင့်၊ သခင်ဘုရားအတွက်၊ သခင်ဘုရား၌၊ သခင်ဘုရားနှင့်အတူ စကားပြောခြင်းအားဖြင့် ကယ်တင်ခြင်း စမ်းရေပေါက်များမှ ဝမ်းမြောက်ခြင်းဖြင့် ရေကို ခပ်ရန် လိုအပ်သည် - ဟေရှာ၊၁၂း၃-၆။ ဖိ၊၄း၆-၇၊ ၁၂။ ညွှန်း၊ *ဓမ္မသီချင်း (မြန်မာ)* ၁၄၇။

B. ကျွန်ုပ်တို့သည် သခင်ဘုရားကို ချီးမွမ်းခြင်း၊ ကိုယ်တော်၌ ဝမ်းမြောက်ရွှင်လန်းခြင်း၊ အမြဲကျေးဇူးတင်ခြင်းနှင့် သခင်ဘုရားထံသို့ သီချင်းဆိုခြင်း ရှိရန် လိုအပ်သည် - ၁သက်၊၅း၁၆-၁၈။ ဖိ၊၄း၄။ ဟေဗြဲ၊၁၃း၁၅။ ဆာ၊၁၁၉း၁၆၄။ ဧ၊၅း၁၈-၂၀။

C. ကျွန်ုပ်တို့သည် သခင်ဘုရား၏နာမတော်ကို ခေါ်ရန် လိုအပ်သည် - တ၊၂း၂၁။ ၁ကော၊၁၂း၁၃၊ ၃။ ၁သက်၊၅း၁၇။ ၁ကော၊၁း၂။ သူကြီး၊၁၅း၁၈-၁၉။ မြည်၊၃း၅၅-၅၆။ *ဓမ္မသီချင်း* (မြန်မာ) ၆၆။

D. ကျွန်ုပ်တို့သည် ဧဝံဂေလိတရားဟောပြောရန်၊ အခြားသူများထံ ခရစ်တော်က ပြီးမြောက်ပြီးစီးခဲ့သောအရာကို ကြားပြောရန် လိုအပ်သည် - ရော၊၁း၁၆။ ယော၊၄း၃၂-၃၄။ ဖိ၊၂း၉။ ၁ပေ၊၂း၉။

E. ကျွန်ုပ်တို့သည် သခင်ဘုရားကို ကျွန်ုပ်တို့၏ဖြစ်ခြင်း၌ အဦးဆုံးနေရာပေးရမည်ဖြစ်ကာ၊ အရာခပ်သိမ်းကို ဘုရားဆိုင်ရာ သဘောသဘာဝအတိုင်း လုပ်ဆောင်ရန် လိုအပ်သည် - ဗျာ၊၂၂း၁။ ကော၊၁း၁၈ခ။ ၂ပေ၊၁း၄။

**VI. ဘုရားသခင်၏စီမံကိန်းအရ ဘုရားသခင်၌ ကိုးစားသောသူသည် ရေနားမှာ စိုက်ထားသော သစ်ပင်ကဲ့သို့ ဖြစ်ပြီး၊ ယင်းမှာ ဘုရားသခင်ကို အသက်ရှင်သောရေ၏ စမ်းရေတွင်းအဖြစ် ပုံဆောင်ခြင်းဖြစ်သည်။ မြစ်နားမှာ ကြီးထွားသောသစ်ပင်သည် ရေ၏ ကြွယ်ဝခြင်းများအားလုံးကို စုပ်ယူခြင်းအားဖြင့် ကြီးထွားသည်။ ဤသည်မှာ ဘုရားသခင့်စီမံကိန်း၏ရုပ်ပုံကားချပ်ဖြစ်ပြီး၊ ယင်းကို ကိုယ်တော်၏ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းအားဖြင့် သယ်ဆောင်ခြင်း ဖြစ်သည် - ယေ၊၁၇း၇-၈။**

A. ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို လက်ခံရရှိရန်အလို့ငှာ သစ်ပင်များအဖြစ် ကျွန်ုပ်တို့သည် ရေအဖြစ် ဘုရားသခင်ကို စုပ်ယူရမည်ဖြစ်သည် (ညွှန်း၊ ၁ကော၊၃း၆။ ကော၊၂း၇က)။ မစထောက်ပံ့သော ဘုရားသခင်၏ ကြွယ်ဝခြင်းများသည် သစ်ပင်များ အဖြစ် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပြီး၊ ဘုရားဇာတိဖြင့် ကျွန်ုပ်တို့ကို စေ့စပ်ထုံးဖွဲ့ပေးကာ၊ ဘုရားသခင်၏အတိုင်းအတာ ပမာဏအထဲသို့ ကျွန်ုပ်တို့ကို ကြီးထွားခြင်းရှိစေသည် (အငယ်၊၁၉)။ ဤနည်းလမ်း၌ ကျွန်ုပ်တို့နှင့် ဘုရားသခင်သည် တစ်လုံးတစ်ဝဖြစ်ကြပြီး၊ တူညီသော ဒြပ်သဘာဝ၊ အနှစ်သာရ၊ စေ့စပ်ထုံးဖွဲ့မှုနှင့် ပုံပန်းသွင်ပြင် ရှိကြသည် (ဗျာ၊၄း၃။ ၂၁း၁၁)။

B. ဆုတောင်းခြင်း၏ အဓိပ္ပာယ်မှာ ကျွန်ုပ်တို့က ဘုရားသခင်ကို စုပ်ယူရန် ဖြစ်သည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ဆက်သွယ်လေလေ၊ ကျွန်ုပ်တို့က ကိုယ်တော်ကို စုပ်ယူလေလေ၊ ကိုယ်တော်ကို ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ခြင်းရှိလေလေ ဖြစ်သည်။

1. ဓမ္မသီချင်းတစ်ပုဒ်က "ရှိသည့်အတိုင်း" (ဓမ္မသီချင်း (မြန်မာ) ၅၃၇) ဟု ပြောထားသည်။ ဤသည်မှာ ကျွန်ုပ်တို့သည် မိမိတို့၏ အခြေအနေကို တိုးတက်စေခြင်း သို့မဟုတ် ပြောင်းလဲခြင်း ရှိရန် ကြိုးစားခြင်းမရှိဘဲ၊ ကျွန်ုပ်တို့ဖြစ်သည့်အတိုင်း ဘုရားသခင်ထံသို့ လာသင့်ကြောင်း ဆိုလိုသည်။ ကျွန်ုပ်တို့က ခရစ်တော်ကို ဤနည်း၌ ရရှိခဲ့ကြပြီး၊ ဤနည်း၌ပင် ခရစ်တော်၌ ကျွန်ုပ်တို့ လျှောက်လှမ်းခြင်း ရှိသင့်ပါသည် - ကော၊ ၂း၆-၇က။
2. ဆုတောင်းခြင်းမှာ ကျွန်ုပ်တို့ဖြစ်သည့်အတိုင်း သခင်ဘုရားထံသို့လာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ လာသောအခါ ကျွန်ုပ်တို့၏အတွင်းပိုင်း အခြေအနေကို ကိုယ်တော်ရှေ့မှာ ချထားပေးကာ၊ ကျွန်ုပ်တို့သည် အကြောင်း ကိစ္စတိုင်း၌ ချို့တဲ့လျက်ရှိကြောင်း ကိုယ်တော်ကို ပြောသင့်ပါသည်။ ကျွန်ုပ်တို့သည် အားနည်းခြင်း၊ ရှုတ်ထွေးခြင်း၊ ဝမ်းနည်းခြင်းနှင့် ပြောစရာစကားမရှိ ဖြစ်နေလျှင်ပင် ဘုရားသခင်ထံသို့ လာနေနိုင်ဆဲပင် ဖြစ်သည်။ ကျွန်ုပ်တို့အတွင်းပိုင်း အခြေအနေ မည်သို့ဖြစ်နေပါစေ၊ ကျွန်ုပ်တို့သည် ယင်းကို ဘုရားသခင်ထံသို့ ယူဆောင်လာသင့်သည်။
3. ကျွန်ုပ်တို့၏အခြေအနေ အကြောင်းကို ဂရုစိုက်နေရမည့်အစား ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်အထဲသို့ ဝင်ရောက်ကာ၊ ကိုယ်တော်ကို မျှော်ကြည့်ခြင်း၊ ကိုယ်တော်ကို ကြည့်ရှုခြင်း၊ ကိုယ်တော်ကို ချီးမွမ်းခြင်း၊ ကိုယ်တော်ထံ ကျေးဇူးတင်ခြင်း၊ ကိုယ်တော်ကို ကိုးကွယ်ခြင်းနှင့် ကိုယ်တော်ကို စုပ်ယူခြင်းအားဖြင့် ကိုယ်တော်ကို ဆက်သွယ်ခြင်းရှိရန် လိုအပ်သည်။ ထိုအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ကိုယ်တော်၏ချိုမြိန်ခြင်းကို မြည်းစမ်းခြင်း၊ ကိုယ်တော်ကို အလင်းနှင့်တန်ခိုးအဖြစ် လက်ခံရရှိခြင်း ရှိမည်ဖြစ်ကာ၊ အတွင်းပိုင်းဆိုင်ရာ၌ ငြိမ်သက်မှုရှိခြင်း၊ တောက်ပခြင်း၊ သန့်စွမ်းခြင်းနှင့် ခွန်အားတန်ခိုးရှိခြင်း ရှိမည်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့သည် သန့်ရှင်းသူများထံ နှုတ်ကပတ်တော်ကို အမှုဆောင်နေစဉ်မှာပင် ကိုယ်တော်နှင့် ထိတွေ့ဆက်နွှယ်နေခြင်း သင်ခန်းစာကို သင်ယူခြင်းရှိလိမ့်မည်ဖြစ်သည် - ၁ပေ၊၄း၁၀-၁၁။ ၂ကော၊၂း၁၇။ ၁၃း၃။

## VII. ယောဟန် ၄း၁၄ခ တွင် "ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်အထဲသို့ ထွက်သော (ပေါက်ထွက်သော) စမ်းရေတွင်း ဖြစ် လိမ့်မည်" ဟုပြောထားသည်။

A. ဤအရာက စီးဆင်းနေသော သုံးပါးတစ်ပါးဘုရားကို ဖွင့်ပြသည် - (၁) ခမည်းတော်သည် စမ်းရေတွင်း၊ အရင်းအမြစ်ဖြစ်သည်၊ (၂) သားတော်သည် စမ်းရေတွင်းမှ ပေါက်ထွက်လာသည့် စမ်းရေပေါက်ဖြစ်သည်၊ (၃) ဝိညာဉ်တော်သည် စီးဆင်းခြင်းဖြစ်သည့် မြစ်ဖြစ်သည်။ သုံးပါး

တစ်ပါးဘုရားသည် ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်မှတဆင့် ကျွန်ုပ်တို့အထဲသို့ လည်းကောင်း၊ ကျွန်ုပ်တို့၏အတွင်းဆုံးဖြစ်ခြင်းအထဲမှ အခြားသူများအထဲသို့လည်းကောင်း စီးဆင်းနေသည် - ၂ကော၊ ၁၃း၁၄။ ယော၊၇း၃၇-၃၈။

B. သုံးပါးတစ်ပါးဘုရား၏ စီးဆင်းခြင်းသည် "ထာဝရအသက်အထဲသို့"ဖြစ်သည် (၄း၁၄ခ)။ ယေရုရှလင်မြို့သစ်သည် ထာဝရ အသက်၏ စုစုပေါင်းဖြစ်ပြီး၊ *အထဲသို့* ဟူသောစကားလုံးမှာ "ရလဒ်ထွက်ပေါ် ခြင်း" သို့မဟုတ် "ဖြစ်လာခြင်း"ကို ဆိုလိုသည်။ ထို့ကြောင့် ခမည်းတော်သည် စမ်းရေတွင်းအဖြစ်၊ သားတော်သည် စမ်းရေပေါက်အဖြစ်၊ ဝိညာဉ်တော်သည် မြစ်အဖြစ် ကျွန်ုပ်တို့အထဲသို့၊ ကျွန်ုပ်တို့နှင့်အတူ စီးဆင်းကာ၊ ထာဝရအသက်၏ စုစုပေါင်းအဖြစ် ယေရုရှလင်မြို့သစ် ဖြစ်လာသည်။